သာမာန်စတုတ္ထတနင်္ဂနွေနေ့ ဇန်နဝါရီ ၂၈ ၊ ၂၀၂၄

မာကု ၁း၂၁ – ၂၈

ဒီကနေ့ဧဝံဂေလိကျမ်းထဲမှာ ရှင်မာကုက သခင်ဘုရားရဲ့ အလုပ်နဲ့ပြည့်နှက်တဲ့နေ့ရက်အသက်တာကို ဖော်ပြပေးပါတယ်။ လူအများရဲ့ဝတ်ပြုခြင်းမှာပါဝင်တယ်။ လူတွေကိုသင်ကြားတယ်။ နာတဲ့လူတွေကိုကုသတယ်။ နတ်ဆိုးပူးတဲ့လူတွေအတွက် နတ်ဆိုးများကို နှင်ထုတ်ပေးခဲ့ပါတယ်။ တခါကျွန်ုပ်တို့ သိပြီးဖြစ်တဲ့အတိုင်းဘဲ သခင်ဘုရားဟာ တိတ်ဆိတ်တဲ့အရပ်ဒေသမှာ တပါးတည်း ဆုတောင်းတော်မူခဲ့ပါတယ်။

ဒီနေရာမှာ အချိန်ကို အကျိုးရှိစွာအသုံးပြုဘို့ သခင်ဘုရားရဲ့ ပုံသက်သေကို တွေ့မြင်ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အထူးသဖြင့်လူငယ်တွေကို ပြောချင်တာက အချိန်ကို အကျိုးရှိစွာအသုံးပြုဘို့ပါဘဲ။ ဧဖက် ၅း၁၆ မှာ ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကိုရွေးနှုတ်ကြလော့ ဆိုပြီးကျွန်ုပ်တို့ဖတ်ရပါတယ်။ (ကရင်ဘာသာကျမ်း) – (အင်္ဂလိပ်ဘာသာ) **making the best use of the time, because the days are evil.** လို့ပြောထားပါတယ်။ လွန်စွာအဓိပ္ပာယ်ရှိပါတယ်။ ကျောင်းနေတုံးက ဆရာဘုန်းတော်ကြီးတွေရဲ့သွန်သင်ဆုံးမခြင်းများကို ပြန်လည်သတိရပါတယ်။ ပျင်းရိခြင်းဟာ နတ်ဆိုးအတွက် ကျွန်ုပ်တို့အသက်တာမှာ ဝင်ရောက်အလုပ်လုပ်ဘို့ ကောင်းတဲ့အခွင့်အရေးဘဲ လို့ဆိုပါတယ်။ ဘာလုပ်ရမှန်းမသိဘူး။ သိလျက်နဲ့မလုပ်ဘူးဆိုရင် နတ်ဆိုးက ကျွန်ုပ်တို့ကိုအသုံးပြုပြီး သူ့အလုပ်ကိုသူလုပ်တော့မှာဖြစ်တယ် ဆိုတာ ကျွန်ုပ်တို့ကြားနာခဲ့ရပါတယ်။

တတ်နိုင်သလောက် လူငယ်တွေကိုအကြံပြုချင်တာက အိပ်ရာဝင်ခါနီး မနက်ဖြန်ဘာတွေကိုဦးစားပေးလုပ်မလဲဆိုတာကို စီချလိုက်ပါ။ အဲဒီရေးချလိုက်တဲ့ လုပ်စရာတွေအထဲမှာမှ ဘယ်ဥစ္စာတွေဟာ ပထမဦးစားပေး ဒုတိယဦးစားပေး ဆိုပြီး အစီအစဉ်တွေကို ဆွဲချလိုက်ပါ။ အလုပ်ကိုစရမဲ့အချိန်ထက် အကြမ်းအားဖြင့် ၃၀ မိနစ် (သို့မဟုတ်) သင့်တော်တဲ့ မိနစ်အချိန်ထက် ပိုပြီးစောစော

ရောက်အောင်သွားပါ။ ဦးစားပေးလုပ်ဆောင်ရမဲ့အရာတွေကို သိအောင်လုပ်ပါ။ စိတ်ပျံ့လွင့်ခြင်းတွေကိုလဲ ရှောင်ရှားရမှာ ဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ စိတ်ပျံ့လွင့်ခြင်းနဲ့ ရင်ဆိုင်လုံးပန်းကြရတာချည်းပါဘဲ။ ဒါပေမဲ့ ရှိရမဲ့အနေအထားကို ရောက်အောင် မိမိကိုယ်မိမိပြန်လည်ပို့ဆောင်နိုင်ခြင်းဟာ ကြီးမားတဲ့စွမ်းရည်ကို ပိုင်ဆိုင်သူဖြစ်ပါတယ်ဆိုပြီး ဖတ်ရှုရပါတယ်။ ပြီးတော့လည်း စိတ်ကိုအေးဆေးတည်ငြိမ်စွာ ပြန်ထားပြီး ကမရာန်းထောက်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ကိုယ်စိတ်နှစ်ပါးကို ပြန်လည်ပေါ့ပါး ပျော်ရွှင် ကျန်းမာစေမှာဖြစ်ပါတယ်။ အနားယူရမဲ့အချိန်မှာလည်း အနားယူရမယ်– အစရှိတဲ့ အချိန်ကိုကောင်းစွာအသုံးပြုခြင်းအားဖြင့် ဘုရားကိုချီးမွမ်းထောပနာပြုကြရမှာ ဖြစ်ပါတယ်။

သခင်ဘုရားရဲ့ လူတွေနဲ့အတူတကွရှိနေခြင်းအသက်တာဟာ ဒီနေ့ ဥပုဒ်နေ့မှာလည်း တွေ့ရပါတယ်။ သခင်ဘုရားဟာ သူ့ရဲ့လူတွေနဲ့ တရားဇရပ်မှာရှိနေတာကို တွေ့ရပါတယ်။ ဘာကိုနားလည်ရမလဲဆိုရင် သခင်ဘုရားဟာ ဂျူးလူမျိုးတို့ရဲ့ ဘာသာရေးဆိုင်ရာ ဥပဒေများကိုလိုက်နာခဲ့တာကိုတွေ့ရပါတယ်။ သူတို့ရဲ့ယုံကြည်ခြင်းကို မဝေဖန်ခဲ့ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ဟန်ဆောင်ခြင်း၊ အကျင့်ပျက်ခြစားခြင်းတွေကိုတော့ ဝေဖန်အပြစ်တင်ခဲ့ပါတယ်။

သခင်ဘုရားဟာ နတ်ဆိုးစွဲတဲ့လူကို နတ်ဆိုးရဲ့ညှင်းပန်းခြင်းကနေ လွတ်မြောက်အောင် ပြုလုပ်ခဲ့တာကို ကြားနာခဲ့ရပါတယ်။ ဒီကနေ့ ကျွန်ုပ်တို့ရဲ့အချိန်အခါမှာ မကောင်းဆိုးဝါးအင်အား အမျိုးမျိုးရှိတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ပြီးတော့လည်း လူမဆန်တဲ့ လူတဦးတယောက် သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်မှုတွေကြောင့် တချို့သောသူများ နာကျည်းစွာ ခံစားရတာ ဒုက္ခရောက်ရတာတွေကလည်း တခါတလေ ရှင်းပြဘို့ခက်တဲ့အရာများ ဖြစ်တတ်ပါတယ်။ ခရစ်တော်ဘုရားကို လူသားများစက္ခုအာရုံနဲ့ မြင်တွေ့နိုင်တဲ့ ကိုယ်တော်ရဲ့အချိန်အခါတုန်းက လူတွေဟာ မကောင်းဆိုးဝါးအမျိုးမျိုးရှိတယ်ဆိုတာကို ယုံကြည်ခဲ့ကြပါတယ်။ အဲဒီအရာတွေဟာ လူတွေအတွက် ကြီးမားတဲ့ကြောက်ရွံ့ခြင်းကို ဖြစ်စေပါတယ်။

သခင်ဘုရားပြုလုပ်ခဲ့တာကတော့ ကျွန်ုပ်တို့ကို ကြောက်ရွံ့ခြင်းကနေ ကင်းလွတ်စေခြင်းဘဲ ဖြစ်ပါတယ်။ မကောင်းဆိုးဝါတွေဟာ ကျွန်ုပ်တို့ကြောက်ရွံ့ခြင်းအတွက် ပြသနာမဟုတ်ပါဘူး။ ကျွန်ုပ်တို့ရဲ့လွတ်လပ်ခြင်းကို အကန့်အသတ်ဖြစ်စေတဲ့ အကြောင်းရင်းမဟုတ်ပါဘူး။ ကျွန်ုပ်တို့ဟာ ဒီအရာတွေကို ဘယ်လိုမြင်သလဲဆိုတဲ့အပေါ်မှာ မူတည်တယ်ဆိုပြီး ဝိညာဉ်ရေးဆိုင်ရာ ဆရာများက ဆိုထားပါတယ်။

မကောင်းဆိုးဝါးရဲ့ရှေ့မှာ သခင်ဘုရားက တရားဇရပ်မှာ ကြောက်ရွံ့ခြင်း လုံးဝမပြခဲ့ပါဘူး။ (တိတ်ဆိတ်လော့၊ သူ့ထံမှထွက်ခွါသွားလော့) ဆိုပြီးအမိန့်ပေးခဲ့ပါတယ်။ နတ်ဆိုးက နတ်ဆိုးပူးတဲ့လူကို ပစ်ချပစ်လိုက်တယ်။ အဲဒါနဲ့ သူက လွတ်မြောက်သွားခဲ့ပါတယ်။ အရေးကြီးတဲ့အချက်က သူဟာ လွတ်လပ်သူဖြစ်သွားပါတယ်။ ချုပ်နှောင်ခြင်းမခံရတော့ပါဘူး။

ညီအကိုမောင်နှမအပေါင်းတို့–ကျွန်ုပ်တို့များ ဘာတွေများနဲ့ ချည်နှောင်ခြင်းခံရပါသလဲ။ အဘယ်သောနတ်ဆိုးများကို ကျွန်ုပ်တို့ ကြောက်ရွံ့နေရပါသလဲ။ ဘယ်အရာဝတ္ထုတွေက၊ ဘယ်လူပုဂ္ဂိုလ်တွေက၊ ဘယ်နေရာဒေသတွေက ကျွန်ုပ်တို့လုပ်လိုတဲ့အရာတွေကို တားဆီးနေပါသလဲ။ ကျွန်ုပ်တို့ဖြစ်ချင်တဲ့လူပုဂ္ဂိုလ်ဖြစ်ဖို့ ဘယ်အရာတွေက အဆီးအတား ဖြစ်နေပါသလဲ။ အရေးကြီးတာက ကျွန်ုပ်တို့ဘာကြောင့် ကြောက်ရွံ့နေရသလဲဆိုတာကို ကောင်းမွန်စွာခွဲခြားသိမြင်ပြီး အဲဒီအတွက် သူတပါးကို အပြစ်တင်မနေဘို့ဘဲဖြစ်ပါတယ်။ ကျွန်ုပ်တို့အထဲမှာ ဘာဟာဘာလဲဆိုတာ ကွဲကွဲပြားပြားသိမြင်ပြီးဆိုရင် ဒီအရာတွေကနေ ကျွန်ုပ်တို့ကိုဖယ်ရှားပေးဘို့ သခင်ဘုရားထံကျေးဇူးတော်ကို ကျွန်ုပ်တို့ တောင်းခံရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရဲ့ တန်ခိုးအာဏာအောက်မှာ မိမိကိုယ်မိမိ ထားကြပါစို့။ ကိုယ်တော်ဟာ ကျွန်ုပ်တို့ကို လွတ်မြောက်စေမှာ ဖြစ်ပါတယ်။

သခင်ဘုရားဟာ အစေခံခြင်းအသက်တာအတွင်းမှာရှိတဲ့ဩဇာအာဏာကို ပိုင်ဆိုင်တဲ့သူဖြစ်ပါတယ်။ မာတေဦး ၂၀း၂၈ မှာ သခင်ဘုရားက

သူတပါးအစေခံခြင်းကို ခံယူဘို့မဟုတ်ပါ။ သူတပါးကိုအစေခံဘို့အတွက် ကြွလာခြင်းဖြစ်တယ် လို့ဆိုပါတယ်။

ခရစ်တော်ရဲ့တန်ခိုးအာဏာဟာ ကျွန်ုပ်တို့အတွက် စစ်မှန်တဲ့လွတ်မြောက်ခြင်းအတွက် အရင်းအမြစ်ဖြစ်စေဘို့ ကျွန်ုပ်တို့ဆုတောင်းကြပါစို့။ ဝိညာဉ်ရေးရာမှာနားပင်းခြင်း၊ ဆွံ့အခြင်း၊ ဝိညာဉ်မျက်စေ့ကန်းခြင်း၊ ဝိညာဉ်ရေးဆိုင်ရာ ခြေမစွမ်းခြင်း၊ ကြောက်ရွံ့ခြင်းကြောင့် ဝိညာဉ်ရေးဆိုင်ရာမှာ လေဖြတ်ခြင်းတွေနဲ့ ကျွန်ုပ်တို့ကိုသခင်ဘုရား ကင်းလွတ်တော်မူပါစေ။